# နောင်မွန်မြို့နယ်ဒေသဆိုင်ရာအချက်အလက်များ

## အခန်း(၁)

## နိဒါန်းနှင့်ဒေသသမိုင်း

**နိဒါန်း**

၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနတစ်ခုဖြစ်ပြီး တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်း သာယာရေး၊ နိုင်ငံတော်အစိုးရ၏ မူဝါဒများ အကောင်အထည်ဖော်ရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖော်ဆောင်ရေးနှင့်ပြည်သူဗဟိုပြုဒေသဖွံ့ဖြိုးရေးလုပ်ငန်း များ ဆောင်ရွက်ရေး ဟူသောဌာန၏ ရည်မှန်းချက်တာဝန်များကို အောင် မြင်အောင် ဆောင်ရွက်လျက်ရှိပါသည်။ အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာနတွင် တာဝန်ထမ်းဆောင်ကြသည့် အဆင့်ဆင့်သော အရာထမ်း၊ အမှု ထမ်းများသည် ရုံးချုပ်အဆင့်မှ အောက် ခြေရပ်ကွက်/ ကျေးရွာအုပ်စု အဆင့်အထိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအသီးသီးတွင်တာဝန် ထမ်းဆောင်ကြရပြီး နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား ချောမွေ့စွာလည် ပတ်ရေးတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာန၏ရည်မှန်းချက် တာဝန်များ၊ အခြားဝန်ကြီးဌာနမှ ပေးအပ်သောတာဝန်များနှင့် ဒေသန္တရအစိုးရ အဖွဲ့ များမှပေးအပ်သော လုပ်ငန်းတာဝန်များကိုကျေပွန်စွာထမ်းဆောင် နေကြရ သည်ဖြစ်ရာဒေသဆိုင်ရာအချက်အလက်များ ပြုစုထားရှိခြင်းသည် များစွာ အရေးပါလာသည့်အတွက် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလကုန်အထိ နောင် မွန်မြို့နယ်၏ဒေသဆိုင်ရာ အချက်အလက်များကို ပြုစုတင်ပြရခြင်း ဖြစ်ပါ သည်။

## ဒေသသမိုင်းအကျဉ်း

၂။ နောင်မွန်မြို့နယ်သည် ရှေးအခါက “နောင်မွန်” ကို “လုံမှုံ”ဟုခေါ်ဆိုခဲ့ကြပြီး ရဝမ်ဘာသာစကားဖြင့် (လုံ– ကျောက်)(မှုံ– ဖြူသည်)ဖြစ်၍ ကျောက်ဖြူရှိရာအရပ်တွင် တည်ထားသောမြို့ဟုအဓိပ္ပါယ်ရပါသည်။ ခရစ်သက္ကရာဇ်(၆၀၀) ခန့်က တိဗက် မြန်မာမျိုးနွယ်များသည် မြောက်ဘက်မှ ဆင်းသက်လာ၍ ယခုမခွမ်ကန်ကျေးရွာအရပ်တွင် စုစည်းလာကြပါသည်။ အချို့မှာမဲခေါင်မြစ်ကြောင်းအတိုင်း ဆင်းသက်လာကြပါသည်။ မခွမ်ကန်အရပ်တွင်စုစည်းလာ သောမျိုးနွယ်များသည် ရေကြည်ရာမြက်နုရာ ရှာဖွေကြပြီး တစ်စတစ်စဖြင့် လူဦးရေတိုးပွားလာကာ ခရစ်နှစ်(၉၀၀)ခန့်တွင် သီးနှံစိုက်ပျိုးလုပ်ကိုင်ခဲ့ကြပြီး ဘော်သတ္တုများတူးဖော်သွန်းလုပ်ခဲ့ကြပါသည်။ ၎င်းလုပ်ငန်း တွင်ကျယ် လာပြီးရဝမ်မျိုးနွယ်စုတို့မှ ကြွယ်ဝချမ်းသာလာကာအရှေ့ပိုင်းမှ လာရောက်သူ များကမကြာခဏ လုယက်တိုက်ခိုက်ခဲ့ကြသော်လည်း သံလက်နက်ကိရိယာ နှင့်ရိက္ခာဖူလုံကြသဖြင့် ရှုံးနိမ့်ခြင်းမရှိကြပါ။ ၎င်းနောက်ပိုင်းတွင် လူဦးရေများပြားလာပြီး စိုက်ပျိုးလုပ်ကိုင်ရာနေရာများနည်းလာခြင်း၊ အစာရေစာ ရှားပါးလာသည့်အတွက် အချို့မှာ အနောက်ဘက်နှင့် ပူတာအိုမြို့နယ်ဘက်သို့ ပြောင်းရွှေ့သွားကြပြီး အချို့မှာတောင်ပေါ်ဒေသ၌ ပင်ဆက်လက် နေထိုင်လာခဲ့ကြသည်မှာ ယနေ့အထိဖြစ်ပါသည်။ နောင်မွန်မြို့နယ်ကို ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ ၁၆.၈.၁၉၇၂ ရက်စွဲပါစာအမှတ်၊ ၁၀၀/၅၅/ စိတ်(၁)ဖြင့် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ်၊(၁၀၁၂)ဖြင့် ဖွဲ့စည်းခဲ့ ပါသည်။

# အခန်း(၂)

## ပထဝီဝင် အနေအထား

### တည်နေရာ နှင့်အကျယ်အဝန်း

၃။ နောင်မွန်မြို့နယ်သည် ကချင်ပြည်နယ်၊ပူတာအိုခရိုင်တွင်တည်ရှိပြီး မြန်မာနိုင်ငံ၏မြောက်ဘက်အစွန်ဆုံးမြို့နယ်ဖြစ်ပါသည်။ အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီနှင့် ၉၈ဒီဂရီ၁၉ မိနစ်အကြား၊ မြောက်လတ္တီတွဒ် ၂၇ဒီဂရီ၆၅မိနစ် နှင့်၂၈ ဒီဂရီ ၁၅ မိနစ်ကြားတွင် တည်ရှိပါသည်-

| စဉ် | မြို့နယ် | စတုရန်းမိုင် | မြို့ | စတုရန်းမိုင် |
|---|---|---|---|---|
| ၁ | နောင်မွန် | ၁၄၈၇၈.၂၁ | ပန်နန်းဒင် | ၁၅၃၃.၅၂ |
| **မြို့နယ်ချုပ်** | **၁** | **၁၄၈၇၈.၂၁** | **၁** | **၁၅၃၃.၅၂** |

### နယ်နိမိတ်

၄။ နောင်မွန်မြို့နယ်၏အရှေ့ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ခေါင်လန်ဖူးမြို့နယ်၊ တောင်ဘက်နှင့် အနောက်ဘက်တွင် မချမ်းဘော မြို့နယ်၊မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပါသည်။

### မြေမျက်နှာသွင်ပြင်

၅။ နောင်မွန်မြို့နယ်၏အောက်ခံမြေအနေအထားမှာသက်ရင့်ကျောက်မြေများဖြင့်ဖွဲ့စည်းထားရှိပြီး တောင်တန်းအလွှာများထူထပ်စွာတည်ရှိပါသည်။ ယင်းတောင်တန်းအလွှာများကြားတွင် တောင်ကျချောင်းရေများစွာတည်ရှိစီးဆင်းလျက်ရှိပြီး လူနေထိုင်သည့်မြို့ရွာတည်ရှိရာနေရာအနည်းငယ်မျှသာ မြေပြန့်တည်ရှိပါသည်။ မြို့နယ်၏မြောက်ဘက်တွင် မြန်မာနိုင်ငံ၏အမြင့်ဆုံးတောင်ဖြစ်သော ခါကာဘိုရာဇီတောင်(၁၉၂၉၆)ပေနှင့်ကန်လန်ရာဇီတောင် (၁၉၁၄၂)ပေတို့တည်ရှိပြီးအဆိုပါတောင်ထွပ်နေရာများသည် တစ်နှစ်ပတ်လုံး နီးပါးရေခဲများကျရောက်တည်ရှိပါသည်။

**ရေဆင်း**

၆။ နောင်မွန်မြို့နယ်၏ မြောက်ဘက်(၈၉)မိုင်ခန့်အကွာရှိ တဆူထုကျေးရွာအုပ်စုအထက်ပိုင်းရှိ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ဧရိယာမှ စတင်မြစ်ဖျားခံလာသော မေခမြစ်ဖျားသည် နောင်မွန်မြို့နယ်အတွင်းမြောက်မှတောင်သို့ မိုင်(၁၀၀)ကျော်ခန့်ဖြတ်သန်းပြီး အဝိဝမ်ကျေးရွာအုပ်စုတောင်ဘက်မှခေါင်လန်ဖူး မြို့နယ်အတွင်းသို့ ဖြတ်သန်းစီးဆင်းသွားပါသည်။ အဆိုပါမေခမြစ်ထဲသို့ တောင်ကျချောင်းငယ်ပေါင်းများစွာစီးဝင်ပါသည်။ နောင်မွန်မြို့မှ (၁၂)မိုင်ခန့်အကွာရှိထုံလာကျေးရွာအုပ်စုဧရိယာမှ မြစ်ဖျားခံကာ မြောက်မှတောင်သို့စီးဆင်းသောကဆန်ချောင်းသည် မချမ်းဘောမြို့အောက်ဘက်ရှိ မလိခမြစ်ထဲသို့စီးဝင်ပါသည်။ Wai Pyi တောင်ခြေမှချောင်းဖျားခံသော ရပ်ချောင်း (၂၃)မိုင်သည် လန်ဆာကျေးရွာအုပ်စု၊ ဂါတ်ထုကျေးရွာအုပ်စုများအား မြောက်မှတောင်သို့ဖြတ်သန်းပြီး ရပ်ဘော့ကျေးရွာအနီးတွင်ကဆန်ချောင်းထဲသို့ပူးပေါင်းစီးဝင်သွားပါသည်။

**ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်**

၇။ နောင်မွန်မြို့နယ်သည် တောင်တန်းအလွှာများထူထပ်စွာတည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှ(၁၇၉၈)ပေတွင် တည်ရှိပါသည်။

## အခန်း(၃)

## ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်

**ရာသီဥတု**

၈။ နောင်မွန်မြို့နယ်သည် အမြဲစိမ်းစိုစွတ်သော ရာသီဥတုရှိပြီး နှစ်စဉ် မတ်လလယ်မှဧပြီလကုန်အထိသာရာသီဥတုပွင့်လင်းသာယာပြီး ကျန်ကာလများတွင် တိမ်အုံ့ဆိုင်းမိုးရွာခြင်း၊ မြူအုံ့ဆိုင်းနှင်းကျခြင်းတို့ဖြစ်ပေါ်ပါသည်။

နှစ်စဉ်မိုးရွာရက်များပြားပြီး အနိမ့်ဆုံးအပူချိန်(၄°C)မှ အမြင့်ဆုံးအပူချိန်မှာ (၃၅°C)အထိရှိပါသည်။ ၂၀၁၅ခုနှစ်မှ ၂၀၁၉ခုနှစ် ၊ စက်တင်ဘာလကုန်အထိ မိုးရွာသွန်းမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | ခုနှစ် | မိုးရေချိန် | | အပူချိန် | |
|---|---|---|---|---|---|
| | | မိုးရွာရက် | စုစုပေါင်း မိုးရေချိန် (လက်မ) | နွေရာသီ (.C) အမြင့်ဆုံး | ဆောင်းရာသီ (.C) အနိမ့်ဆုံး |
| ၁ | ၂၀၁၅ | ၁၃၄ | ၁၀၂.၄၉ | ၃၄.၄ | ၅ |
| ၂ | ၂၀၁၆ | ၉၃ | ၇၁.၉၃ | ၃၅.၂ | ၆ |
| ၃ | ၂၀၁၇ | ၁၆၃ | ၂၂၂.၅၇ | ၃၅.၅ | ၅.၅ |
| ၄ | ၂၀၁၈ | ၁၃၀ | ၁၁၈.၈၄ | ၃၅.၄ | ၅.၄ |
| ၅ | ၂၀၁၉ | ၁၅၆ | ၁၅၀.၁၁ | – | – |

**သဘာဝပေါက်ပင်များ**

၉။ နောင်မွန်မြို့နယ်အတွင်း ပေါက်ရောက်သည့် သဘာဝပေါက်ပင် များမှာ သစ်ပွပင်များ၊ ဝါးအမျိုးမျိုး၊ သစ်ခွအမျိုးမျိုး၊ ကြိမ်ပင်၊ အဖိုးတန် ဆေးဖက်ဝင်အပင်များဖြစ်ပါသည်။

**တောရိုင်းတိရစ္ဆာန်များ**

၁၀။ နောင်မွန်မြို့နယ်အတွင်းရှိ တောရိုင်းတိရိစ္ဆာန်များမှာ ဝက်ဝံ၊ ကျားသစ်၊ဆတ်၊ချေ၊တောင်ဆိတ်၊သားမင်း၊ ကတိုး၊ ဖက်ဂျီတောင်ဆိတ်နီ၊ တောင်ရှူးပြန်၊ မျောက်မျိုးစုံ၊ တောကြောင်၊မြွေအမျိုးမျိုးနှင့်ကြိုးကြာ၊ရေဘဲ စသည့်ငှက်တို့ဖြစ်ပါသည်။

**သဘာဝပတ်ဝန်းကျင်လက်ရှိအခြေနေ**

၁၁။ နောင်မွန်မြို့နယ်တွင် သဘာဝအတိုင်းတည်ရှိသော တောတောင်၊ လျှိုမြောင်၊ချိုင့်ဝှမ်း၊ကမ်းပါးယံများစွာမပျက်မယွင်းတည်ရှိနေပြီး လူနေမြို့ရွာ အနီးပတ်ဝန်းကျင်၌ ရွှေ့ပြောင်းတောင်ယာအချို့ရှိသော်လည်း သစ်တော ပြုန်းတီးမှုမရှိသေးပါ။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ**

၁၂။ နောင်မွန်မြို့နယ်သည် ရွှေ့ပြောင်းတောင်ယာစနစ်မှ လယ်ယာမြေ စနစ်သို့ ဖော်ထုတ်စိုက်ပျိုးခြင်းဖြင့် သစ်တောပြုန်းတီးမှုမှ ကာကွယ်လျက် ရှိ ပါသည်။

**သဘာဝဘေးအန္တရာယ်ကျရောက်မှု**

၁၃။ နောင်မွန်မြို့နယ်သည် မိုးနှင့်ဆောင်းရာသီသာရှိပြီး နွေရာသီမှာ မရှိသလောက်ဖြစ်၍လေပြင်းနှင့်အတူ မိုးသီးများ၊ မိုးသည်းထန်စွာရွာလျက်ရှိ ပါသည်။ အခြားသဘာဝဘေးအန္တရာယ်ကြီးကျရောက်မှုမရှိပါ။

# အခန်း(၄)

## လူဦးရေဆိုင်ရာအချက်အလက်များ

### နေထိုင်သည့်တိုင်းရင်းသားလူမျိုးစုများ

၁၄။ နောင်မွန်မြို့နယ်တွင်နေထိုင်ကြသောတိုင်းရင်းသားလူမျိုးစုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | လူမျိုး | နေထိုင်သည့် လူဦးရေ | မြို့နယ်လူဦးရေ | မြို့နယ်လူဦးရေ၏ ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ကချင် | ၇၄၄၁ | ၇၈၄၅ | ၉၄.၈၁ |
| ၂ | ကယား | - | - | - |
| ၃ | ကရင် | - | - | - |
| ၄ | ချင်း | ၉ | ၇၈၄၅ | ၀.၁၁ |
| ၅ | မွန် | ၂ | ၇၈၄၅ | ၀.၀၂ |
| ၆ | ဗမာ | ၄ | ၇၈၄၅ | ၀.၀၆ |
| ၇ | ရခိုင် | ၁၂ | ၇၈၄၅ | ၀.၁၅ |
| ၈ | ရှမ်း | ၁၅ | ၇၈၄၅ | ၀.၂၀ |
| ၉ | ပအိုဝ်း | - | - | - |
| ၁၀ | ခနု | - | - | - |
| ၁၁ | တောင်ရိုး | - | - | - |
| ၁၂ | ပလောင် | - | - | - |
| ၁၃ | အခြား(တိဘက်) | ၃၆၂ | ၇၈၄၅ | ၄.၆၂ |
| | **မြို့နယ်ချုပ်** | **၇၈၄၅** | ၇၈၃၅ | **-** |

## အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ

၁၅။ နောင်မွန်မြို့နယ်၏၂၀၁၉ခုနှစ်၊ စက်တင်ဘာလကုန်အထိ လူဦးရေမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

### (က) အိမ်ခြေ/အိမ်ထောင်စု

| စဉ် | အကြောင်းအရာ | အိမ်ခြေ | အိမ်ထောင်စု | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|---|---|---|
| ၁ | မြို့နေ | ၃၉၂ | ၃၈၉ | ၅ | - | ၄၁ |
| ၂ | ကျေးလက်နေ | ၈၉၀ | ၈၇၁ | - | - | - |
| ၃ | ပန်နန်းဒင်မြို့နေ | ၂၄ | ၂၂ | ၁ | - | - |
| | **မြို့နယ်ချုပ်** | **၁၃၀၆** | **၁၂၈၂** | **၆** | **-** | **၄၁** |

### (ခ) လူဦးရေ

| စဉ် | အကြောင်းအရာ | အသက်(၁၈) နှစ်အထက် | | | အသက်(၁၈) နှစ်အောက် | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | မြို့နေ | ၆၄၆ | ၆၄၄ | ၁၂၉၀ | ၅၉၁ | ၅၉၃ | ၁၁၈၄ | ၁၂၃၇ | ၁၂၃၇ | ၂၄၇၄ |
| ၂ | ကျေးလက်နေ | ၁၄၉၅ | ၁၄၀၆ | ၂၉၀၁ | ၁၁၇၈ | ၁၁၆၉ | ၂၃၄၇ | ၂၆၇၃ | ၂၅၇၅ | ၅၂၄၈ |
| ၃ | ပန်နန်းဒင်မြို့နေ | ၄၁ | ၃၀ | ၇၁ | ၂၇ | ၃၄ | ၆၁ | ၆၈ | ၆၄ | ၁၃၂ |
| မြို့နယ်ချုပ် | | ၂၁၈၂ | ၂၀၈၀ | ၄၂၆၂ | ၁၇၉၆ | ၁၇၉၆ | ၃၅၉၂ | ၃၉၇၈ | ၃၈၇၆ | ၇၈၅၄ |

## လူဦးရေတိုးနှုန်းနှင့်ကျားမအချိုး

၁၆။ နောင်မွန်မြို့နယ်၏ ၂၀၁၉ခုနှစ် လူဦးရေတိုးနှုန်း ကျားမအချိုးမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(က) လူဦးရေတိုးနှုန်းနှင့်ကျားမအချိုး

| စဉ် | မြို့နယ်/ မြို့ | ယခင်နှစ် လူဦးရေ | ယခုနှစ် လူဦးရေ | တိုးလာ ဦးရေ | တိုး နှုန်း | ကျား/မအချိုး | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | အ ချိုး |
| ၁ | နောင်မွန် | ၇၅၈၅ | ၇၇၂၂ | ၁၃၇ | ၁.၈၀ | ၃၉၁၀ | ၃၈၁၂ | ၉၅.၇၇ |
| ၂ | ပန်နန်းဒင် | ၁၂၂ | ၁၃၂ | ၁၀ | ၈.၁၉ | ၆၈ | ၆၄ | ၁.၆၈ |
| မြို့နယ်ချုပ် | | ၇၇၀၇ | ၇၈၅၄ | ၁၄၇ | ၉.၉၉ | ၃၉၇၈ | ၃၈၇၆ | ၉၇.၄၅ |

( ခ ) မွေးဖွား၊သေဆုံး၊ပြောင်းဝင်၊ပြောင်းထွက်လူဦးရေ

| စဉ် | မြို့နယ်/ မြို့ | မူလလူ ဦးရေ | မွေးဖွား ဦးရေ | သေဆုံး ဦးရေ | ပြောင်းဝင် ဦးရေ | ပြောင်းထွက် ဦးရေ | လက်ရှိ လူဦးရေ |
|---|---|---|---|---|---|---|---|
| ၁ | နောင်မွန် | ၇၅၈၅ | ၁၅၅ | ၄၇ | ၁၃၆ | ၁၀၇ | ၇၇၂၂ |
| ၂ | ပန်နန်းဒင် | ၁၂၂ | ၄ | - | ၁၃ | ၇ | ၁၃၂ |
| မြို့နယ်ချုပ် | | ၇၇၀၇ | ၁၅၉ | ၄၇ | ၁၄၉ | ၁၁၄ | ၇၈၅၄ |

## ကိုးကွယ်သည့်ဘာသာ

၁၇။ နောင်မွန်မြို့နယ်တွင် နေထိုင်ကြသူများ၏ ကိုးကွယ်သည့် ဘာသာအလိုက် လူဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ်/ မြို့ | ဗုဒ္ဓ ဘာသာ | ခရစ် ယာန် | ဟိန္ဒူ ဘာသာ | အစ္စလာမ် ဘာသာ | နတ် | အ ခြား | ပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁ | နောင်မွန် | ၃၄၂ | ၇၃၈၀ | - | - | - | - | ၇၇၂၂ |
| ၂ | ပန်နန်းဒင် | - | ၁၃၂ | - | - | - | - | ၁၃၂ |
| မြို့နယ်ချုပ် | | ၃၄၂ | ၇၅၁၂ | - | - | - | - | ၇၈၅၄ |

**နိုင်ငံခြားသားများနေထိုင်မှု**

၁၈။ နောင်မွန်မြို့နယ်အတွင်း နိုင်ငံခြားသားများ နေထိုင်မှုမရှိပါ။

## အခန်း(၅)

## အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များ

**အုပ်ချုပ်ရေးနယ်မြေဖွဲ့စည်းမှု**

၁၉။

နောင်မွန်မြို့နယ်၏အုပ်ချုပ်ရေးနယ်မြေဖွဲ့စည်းမှုမှာအောက်ပ
ါ အတိုင်း ဖြစ်ပါသည်-

| စဉ် | မြို့နယ် | မြို့ | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|---|---|
| ၁ | နောင်မွန် | ၁ | ၆ | ၁၃ | ၄၁ |
| မြို့နယ်ချုပ် | | ၁ | ၆ | ၁၃ | ၄၁ |

**ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ**

၂၀။ နောင်မွန်မြို့နယ်၏ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) **မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်စာရင်း**

| **စဉ်** | **အမည်** | **အလုပ်အကိုင်** | **တာဝန်** |
|---|---|---|---|
| ၁ | ဦးဆန်နိုင်ဆင်ရမ် | တောင်သူ | **ဥက္ကဋ္ဌ** |
| ၂ | ဦးဆန်နိုင်ဒါတီဝူ | ။ | **အဖွဲ့ဝင်** |
| ၃ | ဦးထီဆန်ဝမ်ဆင် | ။ | **အဖွဲ့ဝင်** |
| ၄ | ဦးထုံဖူးရင် | ။ | **အဖွဲ့ဝင်** |
| ၅ | ဦးဘီဆက်ခင် | ။ | **အဖွဲ့ဝင်** |
| ၆ | ဦးဝန်လာန် | ။ | **အဖွဲ့ဝင်** |
| ၇ | ဦးညီညီ | လဝက | **အဖွဲ့ဝင်** |
| ၈ | ဦး အောင်ဌေးဦး | ကျန်းမာရေး | **အဖွဲ့ဝင်** |
| ၉ | ဦးအောင်စိုးမိုး | ဥပဒေ | **အဖွဲ့ဝင်** |
| ၁၀ | ဦးခင်မောင်မြင့် | ပညာရေး | **အဖွဲ့ဝင်** |
| ၁၁ | ဦးချစ်ကို | စိုက်ပျိုးရေး | **အဖွဲ့ဝင်** |
| ၁၂ | ဒေါ်မြတ်နန်းခိုင် | ပြန်/ဆက် | **အဖွဲ့ဝင်** |
| ၁၃ | ဦးခေါ်ဒုခင်ဆားရ် | စည်ပင် | **အဖွဲ့ဝင်** |
| ၁၄ | ဦးဇေယျာစိုး | ထွေ/အုပ် | အတွင်းရေးမှူး |

(ခ)　　ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ

| စဉ် | မြို့နယ်/ မြို့ | မြို့နယ်/ မြို့လူဦးရေ | ကျား | မ | ပေါင်း |
|---|---|---|---|---|---|
| ၁ | နောင်မွန်မြို့နယ် | ၇၇၂၂ | ၁၂၄၁ | ၂၀၅၀ | ၃၂၉၇ |
| ၂ | ပန်နန်းဒင်မြို့ | ၁၃၂ | ၄၁ | ၃၀ | ၇၁ |
| | မြို့နယ်ချုပ် | ၇၈၅၄ | ၁၂၈၂ | ၂၀၈၀ | ၃၃၆၂ |

(ဂ )　　နိုင်ငံရေးပါတီများ

| စဉ် | ပါတီ | ဥက္ကဋ္ဌ | အတွင်းရေးမှူး | အမှုဆောင်ဦးရေ | ပါတီဝင်ဦးရေ |
|---|---|---|---|---|---|
| ၁ | ပြည်ခိုင်ဖြိုး | ဦးဂျိုဖုန်ဆားရဲ | ဦးချန်တန်မာခေါ | ၂၉ | ၁၅၂၁ |
| ၂ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ဦးဆန်နိုင်ဒီးရမ် | ဦးမန်ခူဆင် | ၇ | ၇ |
| ၃ | NLD | ဦးမလောင်ဒီးဆားရဲ | ဦးချန်းဖေရမ် | ၁၃ | ၇၀၀ |
| ၄ | ညီညွတ်သောဒီမိုကရက်တစ်ပါတီ | ဦးကျော်မြင့် | ဦးဆန်နိုင်ဖုန်ဆားရဲ | ၁ | ၁ |
| ၅ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ဦးချန်းခင် | - | ၁ | ၁ |

## (ဃ) ရွေးချယ်ခံရသော လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | လွှတ်တော်ကိုယ်စား လှယ်အမည် | ပါတီ/ တသီးပုဂ္ဂလ အမည် | လွှတ်တော် အမည် |
|---|---|---|---|
| ၁ | ဦးဂျီဖုန်ဆားရ် | ပြည်ခိုင်ဖြိုး | ပြည်သူ့လွှတ်တော် |
| ၂ | ဦးချန်တန်ခင် | ။ | ပြည်နယ်လွှတ်တော် |
| ၃ | ဦးမဘုဒဂုဏ် | ။ | ။ |

# အခန်း(၆)

# စီပွားရေးဆိုင်ရာအချက်အလက်

## စီးပွားရေးဆိုင်ရာခြုံငုံသုံးသပ်ချက်

၂၁။ နောင်မွန်မြို့နယ်သည် မြန်မာနိုင်ငံ၏ မြောက်ဘက်အစွန်းဆုံး ဒေသအတွင်းတွင်တည်ရှိပြီး စီးပွားရေးအရဖွံ့ဖြိုးတိုးတက်မှုနှေးကွေး သောမြို့နယ်တစ်ခုဖြစ်ပါသည်။ နောင်မွန်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူ လူထုသည်စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ဆောင်ရွက်ကြပါသည်။ နောင်မွန်မြို့နယ်သည် ကုန်းလမ်းကြောင်းကိုသာ အားထားရသော မြို့နယ်ဖြစ်ပါသည်။ မြို့နယ်၏အဓိက ထွက်ကုန်မှာ ဆန်စပါးဖြစ်ပြီး တင်ပို့ရောင်းချနိုင်မှုမရှိပါ။

## မြေအသုံးချမှု

၂၂။ နောင်မွန်မြို့နယ်၏ မြေအမျိုးအစားအလိုက် အသုံးချထားသည့် ဧကအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

| စဉ် | မြေအမျိုးအစား | ဧရိယာ(ဧက) |
|---|---|---|
| ၁ | **အသားတင်စိုက်ပျိုးမြေဧရိယာပေါင်း** | ၄၇၄၂ |
| | (က) လယ်မြေဧရိယာ | ၂၇၆၇ |
| | ( ခ) ယာမြေ | ၄၈၈ |
| | ( ဂ) ကိုင်း/ကျွန်းမြေ | - |
| **စဉ်** | **မြေအမျိုးအစား** | **ဧရိယာ(ဧက)** |

| | | |
|---|---|---|
| | ( ဃ) ဥယျာဉ်မြေ | ၁၃၀၉ |
| | ( င)  ဓနိ | ၁၉၈ |
| ၂ | လုပ်ထားမြေရေိယာပေါင်း | **၄၁** |
| | (က)  လယ်မြေဧရိယာ | **၄၀** |
| | ( ခ)  ယာမြေ | ၁ |
| | ( ဂ) ကိုင်း/ကျွန်းမြေ | - |
| | ( ဃ) ဥယျာဉ်မြေ | - |
| | ( င)  ဓနိ | - |
| ၃ | စားကျက်မြေ | - |
| ၄ | စက်မှုလုပ်ငန်းသုံးမြေ | - |
| ၅ | မြို့မြေ | ၁၆၆ |
| ၆ | ရွာမြေ | ၁၅၃ |
| ၇ | အခြားမြေ | ၆၇၉၇၂ |
| ၈ | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ဧရိယာ | ၁၀၀၄၆၃ |
| ၉ | တောရိုင်း | ၇၂၀၀၄၃ |
| ၁၀ | မြေရိုင်း | **၅၀၁၃၀** |
| ၁၁ | စိုက်ပျိုးခြင်းမပြုနိုင်သောဧရိယာ | ၈၄၂၅ |
| စုစုပေါင်း | | **၉၅၁၈၁၆** |

**ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက်ဧရိယာ**

၂၃။ နောင်မွန်မြို့နယ်ရှိ ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက် ဧရိယာမှာ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) **အစိုးရဆည်များ**

| စဉ် | ဆည်အမည် | ဆည်အမျိုး အစား | ရေဝင်ဆံ့မှု (ကုဗပေ) | အကျိုးပြု ဧက |
|---|---|---|---|---|
| ၁ | ဆန်ခွမ်း | သံဇကာကျောက်ခြင်းချ | - | ၉၆ |
| ၂ | တာရှာလို | တူးမြောင်းတူးဖော်ခြင်း | - | ၁၀ |
| ၃ | ခါနန်(၁) | သံဇကာကျောက်ခြင်းချ | - | ၈၃ |
| ၄ | ငါးလုံချောင်း | ရေကာတာတန်း | - | ၃၂ |
| ၅ | ကွီယား | တူးမြောင်းတူးဖော်ခြင်း | - | ၂၀ |
| ၆ | ခါနန်(၂) | သံဇကာကျောက်ခြင်းချ | - | ၁၅ |
| ၇ | မန်းဆည် | မြောင်းဘောင်ကျောက် ရိုးစီ | - | ၂၅ |
| ၈ | နရန်(၁) | ကျောက်ပန်းရံရေလွှဲဆည် | - | ၁၂၅ |
| ၉ | နရန်(၂) | သံဇကာခြင်းကျောက် ဖြည့်ရေလွှဲဆည် | - | ၄၀၆ |
| | **မြို့နယ်ချုပ်** | | - | |

(ခ) **ကိုယ့်အားကိုယ်ကိုးဆည်များ** - **ဖော်ပြရန်မရှိပါ။**

(ဂ) **မြစ်ရေတင်စီမံကိန်းများ** - **ဖော်ပြရန်မရှိပါ။**

(ဃ) **တာတမံများ/ရေထိန်းတံခါး** - **ဖော်ပြရန်မရှိပါ။**

## စိုက်ပျိုးရေးလုပ်ငန်း

၂၄။ နောင်မွန်မြို့နယ်၏ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **အဓိကသီးနှံ(၁၀)မျိုး စိုက်ပျိုးထုတ်လုပ်မှု**

| စဉ် | သီးနှံ အမည် | ၂၀၁၈-၂၀၁၉ လျာထားဧက | | ၂၀၁၈-၂၀၁၉ ခုနှစ် | | | |
|---|---|---|---|---|---|---|---|
| | | | | စိုက် | ရိတ် | နှုန်း | အထွက် (တင်း) |
| ၁ | စပါးပေါင်း | နွေ | - | - | - | - | - |
| | | မိုး | - | ၂၉၃၀ | ၂၉၃၀ | ၃၈.၅၈ | ၁၁၃၀၃၉ |
| ၂ | မြေပဲ | မိုး | -- | - | - | - | - |
| | | ဆောင်း | - | ၂၇ | ၂၇ | ၃၇.၀၀ | ၉၉၉ |
| ၃ | နှမ်း | မိုး | - | ၄၂ | ၄၂ | ၈.၅၀ | ၃၅၇ |
| | | ဆောင်း | - | - | - | - | - |
| ၄ | နေကြာ | - | - | - | - | - | - |
| ၅ | မတ်ပဲ | - | - | - | - | - | - |
| ၆ | ပဲတီစိမ်း | မိုး | - | - | - | - | - |
| | | ဆောင်း | - | - | - | - | - |
| ၇ | ပဲစင်းငုံ | - | - | - | - | - | - |
| ၈ | ဝါ | - | - | - | - | - | - |
| ၉ | ကြံ | - | - | - | - | - | - |
| ၁၀ | အစေ့ထုတ် ပြောင်း | - | - | ၂၅ | ၂၅ | ၄၉.၅၂ | ၁၂၃၈ |

## (ခ) နှစ်ရှည်သီးနှံစိုက်ပျိုးမှုအခြေအနေ

| စဉ် | သီးနှံအမည် | စိုက် (ဧက) | ရိတ် (ဧက) | အထွက်နှုန်း (ပိဿာ) | အထွက်ပေါင်း (ပိဿာ) |
|---|---|---|---|---|---|
| ၁ | အာလူး | ၂၃၀ | ၂၃၀ | ၂၅၇၀.၀၀ | ၅၉၁၁၀၀ |
| မြို့နယ် ချုပ် | | ၂၃၀ | ၂၃၀ | ၂၅၇၀.၀၀ | ၅၉၁၁၀၀ |

## (ဂ) အခြားဈေးကွက်ဝင်သီးနှံများစိုက်ပျိုးထုတ်လုပ်မှု

| စဉ် | သီးနှံအမည် | စိုက်ဧက | ရိတ်ဧက | အထွက်နှုန်း | အထွက်ပေါင်း |
|---|---|---|---|---|---|
| ၁ | ငရုတ် | ၃၈ | ၃၈ | ၅၂၀.၀၀ | ၁၉၇၆၀ |
| ၂ | ဟင်းသီး ဟင်းရွက် (မိုး) | ၁၅၃ | ၁၅၃ | ၉၇၂.၀၀ | ၁၄၈၇၁၆ |
| ၃ | ဟင်းသီး ဟင်းရွက် (ဆောင်း) | ၃၉၃ | ၃၉၃ | ၉၅၆.၇၃ | ၃၇၅၉၉၆ |
| မြို့နယ်ချုပ် | | ၄၃၁ | ၄၃၁ | - | - |

(ဃ) လယ်ယာသုံးစက်ကိရိယာ သုံးစွဲမှုအခြေအနေ

| စဉ် | အစိုးရ | | | | | | | ပုဂ္ဂလိက | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | လယ်ထွန်စက် | လက်တွန်းထွန်စက် | မျိုးစေ့ချစက် | Combine Havester | ရိတ်သိမ်းစက် | ချွေလှေ့စက် | ရေစုပ်စက် | လယ်ထွန်စက် | လက်တွန်းထွန်စက် | မျိုးစေ့ချစက် | Combine Havester | ရိတ် သိမ်းစက် | ခေါ့ျွေလှေ့စက် | ရေစုပ်စက် |
| ၁ | - | - | ၂ | - | ၂ | ၂ | - | - | ၃၀ | - | - | - | - | ၁၁ |

(င) လယ်ယာသုံးထယ်၊ထွန်နှင့်ကျွဲ၊နွားကောင်ရေ

| စဉ် | ထယ်အရေအတွက် | ထွန်အရေအတွက် | ကျွဲနွားကောင်ရေ | နွားကောင်ရေ |
|---|---|---|---|---|
| ၁ | ၈၉၆ | ၁၃၃၆ | ၁၀၁၀ | ၁၃၀၅ |

## (စ) ဒေသတွင်း ဆန်ဖူလုံမှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၁၈ အမှန် | ၂၀၁၈-၁၉ အမှန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | လူဦးရေ | ဦး | ၅၈၂၂ | ၇၇၂၂ | |
| ၂ | လူတစ်ဦးတစ်နှစ်စားသုံးမှု | | ၁၃.၉၀ | ၁၄.၀၁ | |
| | -ကျေးလက်နေ | တင်း | ၁၅ | ၅၁၈၂ | |
| | -မြို့နေ | တင်း | ၁၂ | ၂၅၄၀ | |
| ၃ | ဝမ်းစာလိုအပ်ချက် | တင်း | ၈၀၃၈၅ | ၁၀၈၂၁၀ | |
| ၄ | စပါးစိုက်ကေပေါင်း | ဧက | ၂၉၃၂ | ၂၉၃၀ | |
| | -အထွက်နှုန်း | တင်း | ၃၈.၅၀ | ၃၈.၅၈ | |
| | -အထွက်တင်း | တင်း | ၁၁၂၈၀၈ | ၁၁၃၀၃၉ | |
| ၅ | လာမည့်နှစ်စပါးစိုက် ဧက | ဧက | ၂၉၃၂ | ၃၀၈၇ | |
| ၆ | ချန်လှပ်ရမည့်တင်း | တင်း | ၅၈၆၄ | ၅၈၆၄ | |
| ၇ | အသုံးပြုတင်း | တင်း | ၁၄၆၆၃ | ၁၅၃၉၂ | |
| ၈ | ပိုလျှံမှု | တင်း | ၁၇၇၆၃ | (-)၁၂၁၀၀ | |
| ၉ | ဝမ်းစာကျန်ရှိမှု | တင်း | ၈၀၃၈၅ | - | |
| ၁၀ | ဖူလုံမှု | % | ၁၁၈.၆၃ | ၉၀.၀၀% | |

## (ဆ) ဒေသတွင်းဆီဖူလုံမှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၁၈ အမှန် | ၂၀၁၈-၁၉ အမှန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | လူဦးရေ | ဦး | ၅၈၂၂ | ၇၇၂၂ | |
| ၂ | လူတစ်ဦးတစ်နှစ်စားသုံးမှု | ပိဿာ | ၄.၅ | ၄.၅ | |
| | ဝမ်းစာလိုအပ်ချက် | တန် | ၄၂.၇၇ | ၅၆.၃၃ | |
| | ဆီထွက်ရှိမှု | တင်း | ၂၄၈၉၇ | ၁၂၆၉၀ | |
| ၃ | အလေအလွင့်နှင့် အခြား | တင်း | ၄၅၅ | ၂၄၆ | |
| ၄ | ချန်လှပ်ရမည့်တင်း | ဧက | ၅၈၆ | ၂၄၉ | |
| | အသုံးပြုမှု | မက်/တန် | ၃.၇၆ | ၅၆.၇၃ | |
| | လိုအပ်မှု | မက်/တန် | ၅၆.၁၅ | ၂၂၀၅၉ | |
| ၅ | ဖူလုံမှု | ရာခိုင်နှုန်း | ၇၂.၃၉ | ၅၅.၇၇% | |

## မွေးမြူရေးလုပ်ငန်းများ

၂၅။ နောင်မွန်မြို့နယ်၏မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **မွေးမြူရေးဇုန်များ** - ဖော်ပြရန်မရှိပါ။

(ခ) **မြို့နယ်မွေးမြူရေး (ကောင်ရေ)**

| စဉ် | မြို့နယ်/ မြို့ | ခုနှစ် | ကျွဲ | နွား | ဝက် | သိုး / ဆိတ် | ကြက် | ဘဲ | နွားနောက် |
|---|---|---|---|---|---|---|---|---|---|
| ၁ | နောင်မွန် | ၂၀၁၈ - ၂၀၁၉ | ၁၃၁၆ | ၇၈၅ | ၈၂၄ | ၂၄ | ၆၁၀၀ | ၃၈ | ၇၅ |
| ၂ | ပန်နန်းဒင် | ၂၀၁၈ - ၂၀၁၉ | ၁၅ | - | ၃၂၁ | - | ၂၈၁၆ | - | ၈၅၃ |
| မြို့ နယ်ချုပ် | | | ၁၃၃၁ | ၇၈၅ | ၁၁၃၆ | ၂၄ | ၈၉၁၆ | ၃၈ | ၉၂၈ |

(ဂ) **မြို့နယ်အသားထုတ်လုပ်မှု (ပိဿာ)**

| စဉ် | မြို့နယ်/ မြို့ | ခုနှစ် | ကျွဲ | နွား | ဝက် | သိုး/ ဆိတ် | ကြက် | ဘဲ | ငုံး |
|---|---|---|---|---|---|---|---|---|---|
| ၁ | နောင်မွန် | ၂၀၁၈-၂၀၁၉ | ၉၁၁၅၀ | ၃၂၃၂၀ | ၇၈၉၂၀၀ | ၁၅၀၂၂ | ၅၅၄၀၀၀ | ၇၉၇၁၀ | - |
| ၂ | ပန်နန်းဒင် | ၂၀၁၈-၂၀၁၉ | ၂၃၅၀ | ၁၆၅၀၉ | ၂၀၃၁၉၅ | - | ၁၁၄၁၀၀ | - | - |
| မြို့နယ်ချုပ် | | | ၉၃၅၀၀ | ၄၈၈၂၉ | ၉၉၂၃၉၅ | ၁၅၀၂၂ | ၆၆၈၁၀၀ | ၇၉၇၁၀ | - |

(ဃ) **မြို့နယ်ကြက်/ဘဲ/ငုံးဥထုတ်လုပ်မှု (လုံး)**

| စဉ် | မြို့နယ်/မြို့ | ခုနှစ် | ကြက်ဥ | ဘဲဥ | ငုံးဥ |
|---|---|---|---|---|---|
| ၁ | နောင်မွန် | ၂၀၁၈-၂၀၁၉ | ၄၄၀၂၃၉၂ | ၁၆၁၈၀၆ | - |
| ၂ | ပန်နန်းဒင် | ၂၀၁၈-၂၀၁၉ | ၈၉၃၁၀၀ | - | - |
| | မြို့နယ်ချုပ် | - | ၅၂၉၅၄၉၂ | ၁၆၁၈၀၆ | - |

(င) **မြို့နယ်နို့ထွက်ပစ္စည်းထုတ်လုပ်မှု**-ဖော်ပြရန်မရှိပါ။

( စ) **မြို့နယ်ငါးပုစွန်မွေးမြူမှု အခြေအနေ**

**-ဖော်ပြရန်မရှိပါ။**

(ဆ) **ရေချိုရေငန်ငါးဖမ်းလုပ်ငန်းမှအသားထုတ်မှု(တန်)**

- ဖော်ပြရန်မရှိပါ။

**စက်မှုလက်မှုလုပ်ငန်း**

၂၆။ နောင်မွန်မြို့နယ်၏ စက်မှုလက်မှုလုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **စက်မှုဇုန်များ - ဖော်ပြရန်မရှိပါ။**

(ခ) **မြို့နယ်ရှိစက်ရုံများ - ဖော်ပြရန်မရှိပါ။**

(ဂ) **မြို့နယ်ရှိအလုပ်ရုံများ** - ဖော်ပြရန်မရှိပါ။

(ဃ) **အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ**

- ဖော်ပြရန်မရှိပါ။

## သစ်တောလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

၂၇။ နောင်မွန်မြို့နယ်၏ သစ်တောလုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **သစ်တောများ**

| စဉ် | အကြောင်းအရာ | ဧရိယာ(ဧက) | ပေါက်သည့်အပင်များ |
|---|---|---|---|
| ၁ | ကြိုးဝိုင်း | - | - |
| ၂ | ကြိုးပြင် | ၁၀၀၄၆၃ | တောင်သမာ၊ စကားဝါ၊ လောက်ယားဝါ၊ဝါးအမျိုးမျိုး၊ သစ်ချ၊ ကျီးလန်၊ ကညင်၊ ကံ့ကော်၊သဖန်း၊ထင်းရှူး၊ တောင်ကြိမ်၊ကြိမ်နီ၊ကြက်ဥ ကြိမ် |

(ခ) **စီးပွားဖြစ်သစ်တောစိုက်ခင်း**- ဖော်ပြရန်မရှိပါ။

(ဂ) **သစ်ထုတ်လုပ်မှု** - ဖော်ပြရန်မရှိပါ။

(ဃ) **သစ်တောထွက်ပစ္စည်းများ**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ထုတ်လုပ်မှု |
|---|---|---|---|
| ၁ | ရှိုးပတီး | ပိဿာ | ၁၅ |
| ၂ | မခြစ်ဥ | ပိဿာ | ၃၀ |
| ၃ | ခူရှား | ပိဿာ | ၅၀ |
| ၄ | ဆေးမြစ်/ရွက် | ပိဿာ | ၁၀၀ |
| ၅ | ဆေးပိန်းဥ | ပိဿာ | ၇၀ |
| ၆ | ပျားရည် | ပိဿာ | ၅၀၀ |
| ၇ | ပျားဖယောင်း | ပိဿာ | ၂၀၀ |
| ၈ | ကြိမ် | လုံး | ၅၆၀၀ |

**တွင်းထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း**

၂၈။ နောင်မွန်မြို့နယ်၏တွင်း ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းနှင့် ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ဓါတ်သတ္တုတူးဖော်ထုတ်လုပ်မှု- ဖော်ပြရန်မရှိပါ။**

(ခ) **ကျောက်မျက်တူးဖော်ထုတ်လုပ်မှု- ဖော်ပြရန်မရှိပါ။**

**စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍ**

၂၉။ နောင်မွန်မြို့နယ်၏ စွမ်းအင်/လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ဓါတ်ဆီ/ဒီဇယ်အရောင်းဆိုင် - ဖော်ပြရန်မရှိပါ။**

(ခ) **သဘာဝဓါတ်ငွေ့အရောင်းဆိုင်များ -**

**ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း**

၃၀။ နောင်မွန်မြို့နယ်၏ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **လေကြောင်းလမ်း**

| စဉ် | လေဆိပ်/ရဟတ်ယာဉ်ကွင်း အမည် | တည်နေရာ | မှတ်ချက် |
|---|---|---|---|
| ၁ | နောင်မွန်လေဆိပ် | နောင်မွန်မြို့ | တည်ဆောက်ဆဲ |

( ခ ) **ရေကြောင်းလမ်း - ဖော်ပြရန်မရှိပါ။**

(ဂ) **ရထားလမ်းနှင့် ဘူတာရုံများ- ဖော်ပြရန်မရှိပါ။**

**(ဃ) ကားဂိတ်များ - ဖော်ပြရန်မရှိပါ။**

## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းများ

၃၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းများမှာအောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ကားလမ်း**

| စဉ် | ကားလမ်းအမည် | မြို့နယ်အတွင်း | | အရှည်မိုင် |
|---|---|---|---|---|
| | | မှ | ထိ | |
| ၁ | မချမ်းဘော-ဖရုခ-နောင်မွန်လမ်း | ၂၉/၀ | ၆၁/၀ | ၃၂ |

(ခ) **မြို့နယ်ချင်းဆက်လမ်းများ**

| စဉ် | လမ်းအမည် | အရှည် (မိုင်-ဖာလုံ) | အမျိုးအစား | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | ကတ္တရာ | ကျောက်ချော | အမာခံလမ်း | |
| ၁ | နောင်မွန်-ချမ်းဘော | (၃၂)မိုင် | (၄.၆)မိုင် | (၁.၀)မိုင် | (၂၆.၁)မိုင် | |
| ၂ | နောင်မွန်-ပန်နန်းဒင် | (၃၅)မိုင် | (၁)မိုင် | - | - | |
| မြို့နယ်ချုပ် | | (၆၇)မိုင် | (၅.၆)မိုင် | (၁.၀)မိုင် | (၂၆.၁)မိုင် | |

(ဂ) **တံတားများ**

**(၁) ပေ(၁၈၀)အထက်တံတားများ**

| စဉ် | တံတား အမည် | အရှည် (ပေ) | အမျိုး အစား | တည်ဆောက်သည့် ခုနှစ် | သွားလာနိုင်သည့်ယာဉ် (ကား/ရထား) |
|---|---|---|---|---|---|
| ၁ | ဘုရင့်နောင် | ၄၂၀ | သစ်သား | ၂၀၁၃ | - |
| ၂ | ဘဘော့ | ၂၁၀ | ဘေလီ | ၂၀၁၈ | |
| ၃ | ရပ်ဘော့ | ၅၀၀ | DSဘေလီ | ၂၀၁၈ | |
| ၄ | တဆာ | ၂၁၀ | ဘေလီ | ၂၀၁၉ | |
| ၅ | ထန်ထု | ၂၀၀ | ကြိုးတံတား | ၂၀၁၂ | |

| | | | | | |
|---|---|---|---|---|---|
| ၆ | မဝွေဇ | ၃၀၀ | ကြိုးတံတား | ၂၀၁၅ | |

## (၂) ပေ(၁၈၀)အောက်တံတားများ

| စဉ် | ပေ(၅၀)မှ (၁၈၀)ရှိ တံတားအမည် | အရှည် (ပေ) | အမျိုး အစား | တည်ဆောက် သည့်ခုနှစ် | သွားလာ နိုင်သည့်ယာဉ် (ကား/ရထား) | ပေ(၅၀) အောက်တံတား အရေအတွက် |
|---|---|---|---|---|---|---|
| ၁ | ၃/၃၄ | ၆၀ | ဘေလီ | ၂၀၁၇ | ကား | - |
| ၂ | ၄/၃၄ | ၆၀ | ဘေလီ | ၂၀၁၇ | ကား | |
| ၃ | ၂/၃၉ | ၈၀ | ဘေလီ | ၂၀၁၆ | ကား | |
| ၄ | ၈/၄၇ | ၈၀ | ဘေလီ | ၂၀၁၆ | ကား | |
| ၅ | ၂/၅၀ | ၈၀ | ဘေလီ | ၂၀၁၆ | ကား | |
| ၆ | ၆/၅၀ | ၈၀ | ဘေလီ | ၂၀၁၆ | ကား | |
| ၇ | ၁/၅၁ | ၈၀ | ဘေလီ | ၂၀၁၆ | ကား | |
| ၈ | ၄/၅၂ | ၈၀ | ဘေလီ | ၂၀၁၆ | ကား | |
| ၉ | ၆/၅၄ | ၈၀ | ဘေလီ | ၂၀၁၇ | ကား | |
| ၁၀ | ၃/၅၅ | ၈၀ | ဘေလီ | ၂၀၁၆ | ကား | |
| ၁၁ | ၃/၅၇ | ၈၀ | ဘေလီ | ၂၀၁၆ | ကား | |
| ၁၂ | ၁/၅၈ | ၈၀ | ဘေလီ | ၂၀၁၆ | ကား | |
| ၁၃ | ၁/၃၂ | ၆၄ | ကြိုးတံတား | ၂၀၁၅ | လူ/လား | |
| ၁၄ | ၃/၃၂ | ၅၀ | ကြိုးတံတား | ၂၀၁၂ | လူ/လား | |
| ၁၅ | ၄/၃၂ | ၅၈ | ကြိုးတံတား | ၂၀၁၂ | လူ/လား | |
| ၁၆ | ၂/၃၃ | ၈၆ | ကြိုးတံတား | ၂၀၁၅ | လူ/လား | |
| ၁၇ | ၃/၆ | ၇၀ | ကြိုးတံတား | ၂၀၁၅ | လူ/လား | |
| ၁၈ | ၁/၃၃ | ၉၀ | ကြိုးတံတား | ၂၀၁၅ | လူ/လား | |

(ဃ) **လမ်းတံတားသုံးစက်ကိရိယာများ**

| စဉ် | မြို့နယ်/ မြို့ | လမ်းတံတားသုံးစက်ကိရိယာများ | | | | လုပ်သား ဦးရေ |
|---|---|---|---|---|---|---|
| | | မြေထိုး စက် | မြေကော် စက် | မြေကြိတ် စက် | မြေသယ် ယာဉ် | |
| ၁ | ၁ | ၁ | ၂ | ၂ | ၁ | ၆ |
| မြို့နယ် ချုပ် | | ၁ | ၂ | ၂ | ၁ | ၆ |

**( င ) လမ်း/ တံတားအသုံးပြုခကောက်ခံသည့်လုပ်ငန်း**

–ဖော်ပြရန်မရှိပါ။

**ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း**

၃၂။ နောင်မွန်မြို့နယ်ရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သောအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) **ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း**

(၁) **ဟိုတယ် – ဖော်ပြရန်မရှိပါ။**

(၂) **မိုတယ်၊ အင်း၊ တည်းခိုခန်း** – ဖော်ပြရန်မရှိပါ။

**(ခ) ကမ်းခြေနှင့် အပန်းဖြေနေရာများ– ဖော်ပြရန်မရှိပါ။**

**သမဝါယမအသင်းများ**

၃၃။ နောင်မွန်မြို့နယ်တွင်သမဝါယမအသင်းများဖော်ပြရန်မရှိပါ။

**စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အဦများ**

၃၄။ နောင်မွန်မြို့နယ်တွင် ရှိသော စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အဦများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

## (က) ကုမ္ပဏီ၊ကုန်စည်ဒိုင်၊ပွဲရုံများ၊ဈေးနှင့်ကုန်တိုက်များ

### (၁) ကုမ္ပဏီများ

| စဉ် | ကုမ္ပဏီအမည် | ဆောင်ရွက်သည့်လုပ်ငန်း | တည်နေရာ |
|---|---|---|---|
| ၁ | ခါနန်စီးတီးကုမ္ပဏီ | ဆောက်လုပ်ရေးလုပ်ငန်း | နောင်မွန် |
| ၂ | နောင်မွန်ဌာနေညီအစ်ကိုများ | ။ | နောင်မွန် |

### (၂) ကုန်စည်ဒိုင်များ- ဖော်ပြရန်မရှိပါ။

### (၃) ပွဲရုံများ - ဖော်ပြရန်မရှိပါ။

### (၄) ဈေးများ

| စဉ် | မြို့နယ်/မြို့ | ဈေးအမည် | တည်နေရာ | မှတ်ချက် |
|---|---|---|---|---|
| ၁ | နောင်မွန် | မြို့မဈေး | ရပ်ကွက်(၁) | |

### (၅) ကုန်တိုက်များ - ဖော်ပြရန်မရှိပါ။

## (ခ) ဘဏ်များ

| စဉ် | မြို့နယ်/မြို့ | ဘဏ်အမည် | အစိုးရပိုင် | ပုဂ္ဂလိကပိုင် | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | နောင်မွန် | မြန်မာ့စီးပွားရေးဘဏ် | ၁ | - | ၁ |

## (ဂ) စတိုးဆိုင်နှင့်အရောင်းဆိုင်များ

| စဉ် | ဆိုင်အမျိုးအစား | အရေအတွက် |
|---|---|---|
| ၁ | စတိုးဆိုင် | - |
| ၂ | ရွှေဆိုင် | - |
| ၃ | လျှပ်စစ်ပစ္စည်းဆိုင် | - |
| ၄ | ဖုန်း/ဖုန်းပစ္စည်းအရောင်းဆိုင် | - |

| | | |
|---|---|---|
| ၅ | စာအုပ်ဆိုင် | - |
| ၆ | ဆေးဆိုင် | - |
| ၇ | စားသောက်ဆိုင် | ၁ |
| ၈ | လက်ဖက်ရည်ဆိုင် | - |
| ၉ | ကုန်မာဆိုင် | - |
| ၁၀ | စိုက်ပျိုးရေးပစ္စည်းဆိုင် | - |
| ၁၁ | ဆောက်လုပ်ရေးပစ္စည်းဆိုင် | - |
| ၁၂ | ဝန်ဆောင်မှုလုပ်ငန်းဆိုင် | - |
| ၁၃ | ဆန်ဆိုင် | - |
| ၁၄ | အဝတ်အထည်ဆိုင် | ၄ |
| ၁၅ | နိဗ္ဗန်ကုန်ဆိုင် | - |
| | **မြို့ချုပ်** | ၅ |

စည်ပင်သာယာရေးလုပ်ငန်းများ

**၃၅။** နောင်မွန်မြို့နယ်၏ စည်ပင်သာယာရေးလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ဈေးလုပ်ငန်း**

| **စဉ်** | **မြို့နယ်/မြို့** | **ဈေးအမည်** | **ဆိုင်ခန်းအရေအတွက်** | **နိုင်ငံပိုင်** | **ပုဂ္ဂလိကပိုင်** | **တည်နေရာ** |
|---|---|---|---|---|---|---|
| ၁ | နောင်မွန် | မြို့မဈေး | ၃၂ | ၁ | - | ရပ်ကွက် (၁) |

(ခ) **သောက်သုံးရေရရှိရေးလုပ်ငန်း-** ဖော်ပြရန်မရှိပါ။

(ဂ) **သန့်ရှင်းရေးလုပ်ငန်း -** ဖော်ပြရန်မရှိပါ။

(ဃ) **လမ်း/တံတားလုပ်ငန်း**

(၁) **လမ်းလုပ်ငန်း**

| စဉ် | မြို့နယ်/ | | စုစုပေါင် | ကွန်ကရစ် | ကျောက်ခင်း | မြေသား |
|---|---|---|---|---|---|---|

| | မြို့ | လမ်းပေါင်း (လမ်း) | ိး လမ်းအရှည် (မိုင်) | လမ်းပေါင်း | | လမ်းပေါင်း | | လမ်းပေါင်း | |
|---|---|---|---|---|---|---|---|---|---|
| | | | | လမ်း | မိုင် | လမ်း | မိုင် | လမ်း | မိုင် |
| ၁ | နောင်မွန် | ၃ | ၁.၁၃၆ | ၃ | ၁.၁၃၆ | - | - | - | - |

(၂) **တံတားလုပ်ငန်း** - ဖော်ပြရန်မရှိပါ။

(၃) **လမ်းတံတားသုံးစက်ကိရိယာများ**

| စဉ် | မြို့နယ်/ မြို့ | လမ်းတံတားသုံးစက်ကိရိယာများ | | | | လုပ်သား ဦးရေ |
|---|---|---|---|---|---|---|
| | | မြေထိုး စက် | မြေကော် စက် | မြေကြိတ် စက် | မြေသယ် ယာဉ် | |
| ၁ | နောင်မွန် | - | - | - | ၁ | - |

**ပုံနှိပ်လုပ်ငန်းနှင့် မီဒီယာလုပ်ငန်းများ**

၃၆။ နောင်မွန်မြို့နယ်တွင်ရှိသော ပုံနှိပ်တိုက်နှင့် မီဒီယာလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ပုံနှိပ်လုပ်ငန်းနှင့် တေးသံသွင်း၊ ဗီဒီယို**

| စဉ် | မြို့နယ်/ မြို့ | ပုံနှိပ်စက် | | ကွန်ပျူတာ | မိတ္တူ | တေးသံသွင်း | ဗီဒီယို |
|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | | | | |
| ၁ | နောင်မွန် | - | - | - | ၂ | - | - |
| ၂ | ပန်နန်းဒင် | - | - | - | - | - | - |
| | မြို့နယ် ချုပ် | - | - | - | ၂ | - | - |

(ခ) **မီဒီယာလုပ်ငန်းများ** - ဖော်ပြရန်မရှိပါ။

## ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး

၃၇။ နောင်မွန်မြို့နယ်၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ကျပ်သန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ အသားတင် ထုတ်လုပ်မှု တန်ဖိုး | ၂၀၁၈- ၂၀၁၉ ရည်မှန်းချက် တန်ဖိုး | ၂၀၁၈-၂၀၁၉ခုနှစ် ဆောင်ရွက်နိုင်မှု | | |
|---|---|---|---|---|---|---|
| | | | | တန်ဖိုး | အကောင် အထည် ဖော်နိုင်မှု | တိုး တက်မှု % |
| ၁ | ထုတ်လုပ်မှုတန်ဖိုး | ၆၆၄.၀ | ၁၇၂၆.၀ | ၆၈၈.၀ | ၃၉.၉ | ၃.၆ |
| ၂ | ဝန်ဆောင်မှု | ၁၂၀.၆ | ၂၅၅.၇ | ၁၂၅.၂ | ၄၉.၀ | ၃.၈ |
| ၃ | ကုန်သွယ်မှုတန်ဖိုး | ၁၄၀.၈ | ၂၉၂.၄ | ၁၄၅.၃ | ၄၉.၇ | ၃.၂ |
| ၄ | အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး | ၉၂၅.၄ | ၂၂၇၄.၁ | ၉၅၈.၅ | ၄၂.၁ | ၃.၆ |

## လူတစ်ဦးချင်းဝင်ငွေ

၃၈။ နောင်မွန်မြို့နယ်၏ တစ်ဦးချင်းဝင်ငွေကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ |
|---|---|---|---|
| ၁ | ၁၀၆၆၁၃၈ | ၁၂၈၆၅၃ | ၁၅၀၄၀၆၃ |

## အသက်မွေးဝမ်းကျောင်းလုပ်ငန်းအလိုက် အလုပ်လုပ်သူဦးရေ

၃၉။ နောင်မွန်မြို့နယ်၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အလိုက် အလုပ်လုပ်ကိုင်သူဦးရေမှာအောက်ပါအတိုင်းဖြစ်ပါ သည်-

| စဉ် | မြို့နယ်/ မြို့ | အစိုးရဝန်ထမ်း | ဝန်ဆောင်မှု | စိုက်ပျိုးရေး | မွေးမြူရေး | အရောင်း အဝယ် | စက်မှုလက်မှု | ရေလုပ်ငန်း | ကျပန်း | အခြား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | နောင်မွန် | ၂၀၀ | - | ၈၀၀ | - | ၂၀ | - | - | ၁၀၀ | ၂၀၀ | ၁၃၂၀ |
| | မြို့နယ်ချုပ် | ၂၀၀ | - | ၈၀၀ | - | ၂၀ | - | - | ၁၀၀ | ၂၀၀ | ၁၃၂၀ |

## အလုပ်လုပ်နိုင်သူဦးရေနှင့် အလုပ်လက်မဲ့ဦးရေ

၄၀။ နောင်မွန်မြို့နယ်တွင်ရှိသော အလုပ်လုပ်နိုင်သူဦးရေနှင့်အလုပ်လက်မဲ့ နှုန်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | မြို့နယ်/ မြို့ | အလုပ် လုပ်နိုင် သူဦးရေ | လုပ်ငန်းခွင်ရှိ လုပ်သား ဦးရေ | အလုပ် လက်မဲ့ ဦးရေ | အလုပ်လက်မဲ့ ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | နောင်မွန် | ၄၁၄၈ | ၃၄၃၄ | ၃၃၉၀ | ၄၅.၀၁ |
| မြို့နယ်ချုပ် | | ၄၁၄၈ | ၃၄၃၄ | ၃၃၉၀ | ၄၅.၀၁ |

## အခန်း(၇)

## လူမှုရေးဆိုင်ရာအချက်အလက်များ

### ပညာရေးကဏ္ဍ

၄၁။ နောင်မွန်မြို့နယ်တွင်ရှိသော ပညာရေးဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖော်ပြအပ်ပါသည်

(က) **အဆင့်မြင့်ပညာ** – ဖော်ပြရန်မရှိပါ။

(ခ) **အခြေခံပညာ**

**(၁) အထကကျောင်းများ**

| စဉ် | ကျောင်းအမည် | တည်နေရာ | အကျယ်အဝန်း (ဧက) | ဆရာ/ဆရာမ ဦးရေ | ကျောင်းသား / သူဦးရေ | ဆရာနှင့် ကျောင်းသားအချိုး |
|---|---|---|---|---|---|---|
| ၁ | အထကနောင်မွန် | နောင်မွန် | ၂၀.၉၅ | ၂၄ | ၅၄၂ | ၁:၂၂ |
| ၂ | အထကပန်နန်းဒင် | ပန်နန်းဒင် | ၄.၅၂ | ၁၀ | ၃၉ | ၁:၃ |
| | မြို့နယ်ချုပ် | – | – | ၃၄ | ၅၈၁ | – |

**(၂) အထကကျောင်းခွဲများ**

| စဉ် | ကျောင်းအမည် | တည်နေရာ | အကျယ်အဝန်း (ဧက) | ဆရာ/ဆရာမ ဦးရေ | ကျောင်းသား/ သူဦးရေ | ဆရာနှင့် ကျောင်းသားအချိုး |
|---|---|---|---|---|---|---|
| ၁ | အထက(ခွဲ)ရပ်ဘော့ | နောင်မွန် | ၃.၆၂ | ၁၈ | ၁၂၁ | ၁:၆ |
| | မြို့နယ်ချုပ် | – | ၃.၆၂ | ၁၈ | ၁၂၁ | ၁:၆ |

**(၃) အလကကျောင်းများ**

| စဉ် | ကျောင်းအမည် | တည်နေရာ | အကျယ်အဝန်း (ဧက) | ဆရာ/ဆရာမ ဦးရေ | ကျောင်းသား/ သူဦးရေ | ဆရာနှင့် ကျောင်းသားအချိုး |
|---|---|---|---|---|---|---|

| | | | | | | |
|---|---|---|---|---|---|---|
| ၁ | ကွမ်လင်း | ကွမ်လင်း | ၄.၅၃၀ | ၁၀ | ၉၀ | ၁:၉ |
| ၂ | ကဆန်ခူး | ကဆန်ခူး | ၅.၅၁ | ၁၀ | ၁၀၅ | ၁:၁၀ |
| ၃ | ဂါတ်ထု | ဂါတ်ထု | ၃.၈၄၁ | ၁၀ | ၁၀၀ | ၁:၁၀ |
| | မြို့နယ်ချုပ် | - | - | ၃၀ | ၂၉၅ | ၁:၉ |

## (၄) အလကကျောင်းခွဲများ

| စဉ် | ကျောင်းအမည် | တည်နေရာ | အကျယ်အဝန်း (ဧက) | ဆရာ/ ဆရာမ ဦးရေ | ကျောင်းသား/ သူဦးရေ | ဆရာနှင့်ကျောင်းသားအချိုး |
|---|---|---|---|---|---|---|
| ၁ | လ(ခွဲ)မခွမ်ကန် | မခွမ်ကန် | ၀.၉၁၈ | ၇ | ၅၅ | ၁:၇ |
| ၂ | လ(ခွဲ)တဆူထု | တဆူထု | ၁.၁၄၇ | ၉ | ၉၄ | ၁:၁၀ |
| | မြို့နယ်ချုပ် | - | - | ၁၆ | ၁၄၉ | ၁:၉ |

## (၅) မူလတန်းလွန်ကျောင်းများ

| စဉ် | မြို့နယ်/ မြို့ | ကျောင်းအရေအတွက် | ဆရာ/ ဆရာမ ဦးရေ | ကျောင်းသား/ သူဦးရေ | ဆရာနှင့်ကျောင်းသားအချိုး |
|---|---|---|---|---|---|
| ၁ | နောင်မွန် | ၃ | ၂၂ | ၄၆ | ၁:၁၀ |
| ၂ | ပန်နန်းဒင် | ၂ | ၁၀ | ၁၀ | ၁:၁ |
| | မြို့နယ်ချုပ် | ၅ | ၃၂ | ၅၆ | ၁:၁၇ |

## (၆) အမကကျောင်းများ

| စဉ် | ကျောင်းအရေအတွက် | ဆရာ/ ဆရာမ ဦးရေ | ကျောင်းသား/ သူဦးရေ | ဆရာနှင့်ကျောင်းသားအချိုး |
|---|---|---|---|---|
| ၁ | ၂၈ | ၁၃၃ | ၁၁၁၉ | ၁:၈ |

## (၇) မူလတန်းကြိုကျောင်း – ဖော်ပြရန်မရှိပါ။

(ဃ) ဘုန်းတော်ကြီးသင် ပညာရေးကျောင်း-ဖော်ပြရန်မရှိပါ။

(င) ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံမှု

| စဉ် | မြို့နယ်/ မြို့ | (၅)နှစ်ပြည့်ကလေး | | | ကျောင်းအပ်နှံမှု | | | ကျောင်းအပ်နှံမှု % |
|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | |
| ၁ | နောင်မွန် | ၆၇ | ၆၈ | ၁၃၅ | ၆၇ | ၆၈ | ၁၃၅ | ၁၀၀% |
| ၂ | ပန်နန်းဒင် | - | - | - | - | - | - | - |
| မြို့နယ်ချုပ် | | ၆၇ | ၆၈ | ၁၃၅ | ၆၇ | ၆၈ | ၁၃၅ | ၁၀၀% |

(စ) တက္ကသိုလ်ဝင်တန်း အောင်မြင်မှု

| စဉ် | မြို့နယ်/ မြို့ | ၂၀၁၇-၂၀၁၈ခုနှစ် | | | | ၂၀၁၈-၂၀၁၉ ခုနှစ် | | | |
|---|---|---|---|---|---|---|---|---|---|
| | | စုစုပေါင်း | ဖြေဆို | အောင်မြင် | % | စုစုပေါင်း | ဖြေဆို | အောင်မြင် | % |
| ၁ | နောင်မွန် | ၁၃၁ | ၁၀၂ | ၄ | ၃.၉၂% | ၁၁၅ | ၁၀၀ | ၃ | ၃% |
| မြို့နယ်ချုပ် | | ၁၃၁ | ၁၀၂ | ၄ | ၃.၉၂% | ၁၁၅ | ၁၀၀ | ၃ | ၃% |

(ဆ) စာတတ်မြောက်မှုရာခိုင်နှုန်း

| စဉ် | မြို့နယ်/ မြို့ | မြို့နယ်လူဦးရေ | (၁၅)နှစ်အထက် လူဦးရေ | စာတတ်မြောက်ဦးရေ | စာတတ်မြောက်မှုနှုန်း |
|---|---|---|---|---|---|
| ၁ | နောင်မွန် | ၇၇၂၂ | ၄၉၈၀ | ၄၉၀၀ | ၉၂.၂% |
| ၂ | ပန်နန်းဒင် | ၁၃၂ | - | - | - |
| မြို့နယ် ချုပ် | | ၇၈၅၄ | ၄၉၈၀ | ၄၉၀၀ | ၉၂.၂% |

(ဇ) သင်ကြားမှုသင်ယူမှု၊ အထောက်အကူပြု စာသင်ခန်းများဖွင့်လှစ်နိုင်မှု အခြေအနေ

(၁) အထက ကျောင်းများ

| စဉ် | မြို့နယ်/ | အထက်တန်းကျောင်း |
|---|---|---|

| | မြို့ | စာရေးဝိုင်း | Media စာသင်ဝိုင်း | 3PLT စာသင်ဝိုင်း | 2PLT စာသင်ဝိုင်း | 1PLT စာသင်ဝိုင်း | ပေါင်း |
|---|---|---|---|---|---|---|---|
| ၁ | နောင်မွန် | - | - | - | ၂ | - | ၂ |
| မြို့နယ် ချုပ် | | - | - | - | ၂ | - | ၂ |

## (၂) အလက ကျောင်းများ

| စဉ် | မြို့နယ်/ မြို့ | အလယ်တန်းကျောင်း | | | | | |
|---|---|---|---|---|---|---|---|
| | | စာရေးဝိုင်း | Media စာသင်ဝိုင်း | 3PLT စာသင်ဝိုင်း | 2PLT စာသင်ဝိုင်း | 1PLT စာသင်ဝိုင်း | ပေါင်း |
| ၁ | နောင်မွန် | - | - | - | - | ၁ | ၁ |
| မြို့နယ် ချုပ် | | - | - | - | - | ၁ | ၁ |

## (၃) အမက ကျောင်းများ

| စဉ် | မြို့နယ်/ မြို့ | မူလတန်းကျောင်း | | | | | |
|---|---|---|---|---|---|---|---|
| | | စာရေးဝိုင်း | Media စာသင်ဝိုင်း | 3PLT စာသင်ဝိုင်း | 2PLT စာသင်ဝိုင်း | 1PLT စာသင်ဝိုင်း | ပေါင်း |
| ၁ | နောင်မွန် | - | - | - | ၂ | ၇ | ၉ |
| မြို့နယ် ချုပ် | | - | - | - | ၂ | ၇ | ၉ |

**(ဈ) စာကြည့်တိုက်များ ဖွင့်လှစ်နိုင်မှု- ဖော်ပြရန်မရှိပါ။**

## ကျန်းမာရေးကဏ္ဍ

၄၂။ နောင်မွန်မြို့နယ်၏ ကျန်းမာရေးကဏ္ဍဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ဆေးရုံများ**

| စဉ် | ဆေးရုံအမည် | တည်နေရာ | အစိုးရ/ပုဂ္ဂလိက | ကုတင်အရေအတွက် |
|---|---|---|---|---|
| ၁ | နောင်မွန် | ရပ်ကွက်(၅) | အစိုးရ | (၂၅ )ကုတင်ဆံ့ |
| ၂ | ပန်နန်းဒင် | မြို့မရပ်ကွက် | အစိုးရ | (၁၆) ကုတင်ဆံ့ |
| မြို့နယ်ချုပ် | | | | |

## (ခ) ဆေးပေးခန်းများ – ဖော်ပြရန်မရှိပါ။

## (ဂ) ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲ

| စဉ် | ကျေးလက်ကျန်းမာရေး ဌာနအမည် | ကျေးလက်ကျန်းမာရေး ဌာနခွဲအမည် | မှတ်ချက် |
|---|---|---|---|
| ၁ | မိခင်နှင့်ကလေးကျန်းမာရေးဌာန | ပန်နန်းဒင်ကျေးလက် ကျန်းမာရေးဌာနခွဲ | |
| ၂ | ဂဝိုင်ကျေးလက်ကျန်းမာရေးဌာန | ရပ်ဘော့ကျေးလက် ကျန်းမာရေးဌာနခွဲ | |
| ၃ | မခွမ်ကန်ကျေးလက်ကျန်းမာရေး ဌာန | ကဆန်ခူးကျေးလက် ကျန်းမာရေးဌာနခွဲ | |
| ၄ | | ဂါတ်ထုကျေးလက် ကျန်းမာရေးဌာနခွဲ | |
| ၅ | | ခေါင်လန်ကျေးလက် ကျန်းမာရေးဌာနခွဲ | |
| ၆ | | တဘူဒမ်းကျေးလက် ကျန်းမာရေးဌာနခွဲ | |
| ၇ | | ကူရှင်ကျေးလက် ကျန်းမာရေးဌာနခွဲ | |

## (ဃ) ကျန်းမာရေးစောင့်ရှောက်မှု

| စဉ် | မြို့နယ်/ မြို့ | လူဦးေ ေ | ဆရာဝန်မှ ကျန်းမာရေး စောင့်ရှောက်မှုနှုန်း | | သူနာပြုမှ ကျန်းမာရေး စောင့်ရှောက်မှုနှုန်း | | လက်ထောက် ကျန်းမာရေးမှူးမှ ကျန်းမာရေး စောင့်ရှောက်မှုနှုန်း | |
|---|---|---|---|---|---|---|---|---|
| | | | ဆရာဝန် ဦးရေ | ဆရာဝန် နှင့် လူဦးရေ အချိုး | သူနာ ပြု ဦးရေ | သူနာပြုနှင့် လူဦးရေ | လ/ထ ကျန်းမာ | လ/ထ ကျန်းမာ |

| | | | | | | အချိုး | ရေးမှူး ဦးရေ | ရေးမှူးနှင့် လူဦးရေ အချိုး |
|---|---|---|---|---|---|---|---|---|
| ၁ | နောင်မွန် | ၇၈၅၄ | ၁ | ၁:၇၈၅၄ | ၁၂ | ၁:၄၆၅ | ၂ | ၁:၃၉၁၇ |
| ၂ | ပန်နန်းဒင် | ၁၃၂ | - | - | ၂ | ၁:၆၂ | - | - |
| မြို့နယ် ချုပ် | | ၇၈၅၄ | ၁ | ၁:၇၈၅၄ | ၁၄ | - | ၂ | ၁:၃၉၁၇ |

## (င) ဒေသတွင်းအများဆုံးဖြစ်တတ်သောရောဂါများ

| စဉ် | မြို့နယ်/ မြို့ | ရောဂါအမျိုးအစား | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ငှက်ဖျား | | ဝမ်း လျှော | | တီဘီ | | ဝမ်းကိုက် | | အသည်း ရောင် | |
| | | ဖြစ် | သေ | ဖြစ် | သေ | ဖြစ် | သေ | ဖြစ် | သေ | ဖြစ် | သေ |
| ၁ | နောင်မွန် | - | - | ၃၈၄ | - | ၃ | - | ၁၁ | - | - | - |
| ၂ | ပန်နန်းဒင် | - | - | - | - | - | - | - | - | - | - |
| မြို့နယ် ချုပ် | | - | - | ၃၈၄ | - | ၃ | - | ၁၁ | - | - | - |

## (စ ) HIV/AIDS –ရောဂါ ဖြစ်ပွား/ သေဆုံးဦးရေ

| စဉ် | မြို့နယ်/ မြို့ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလထိ | | ၂၀၁၈-၂၀၁၉ | |
|---|---|---|---|---|---|
| | | ဖြစ် | သေ | ဖြစ် | သေ |
| ၁ | မြို့နယ် | ၃ | - | ၁ | - |
| ၂ | မြို့ | - | - | - | - |
| မြို့နယ်ချုပ် | | ၃ | - | ၁ | - |

## (ဆ) ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းများ

| စဉ် | မြို့နယ်/မြို့ | မိခင် | ကလေး | လူ(၁၀၀၀)လျှင် |
|---|---|---|---|---|

| | ◌ု | ဦးရေ | ဦးရေ | မွေးနှုန်း | မိခင်သေနှုန်း | မွေးကင်းစ ကလေးသေနှုန်း | ကိုယ်ဝန်ပျက်နှုန်း |
|---|---|---|---|---|---|---|---|
| ၁ | နောင်မွန် | ၁၅၈ | ၁၅၆ | ၂၀.၀၀ | ၆.၂၈ | ၁၉.၀၀ | ၂.၀၀ |
| ၂ | ပန်နန်းဒင် | - | - | - | - | - | - |
| မြို့နယ်ချုပ် | | ၁၅၈ | ၁၅၆ | ၂၀.၀၀ | ၆.၂၈ | ၁၉.၀၀ | ၂.၀၀ |

## လူမှုရေးအသင်းအဖွဲ့များ

၄၃။ နောင်မွန်မြို့နယ်ရှိ လူမှုရေးအသင်းအဖွဲ့များဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **INGO**

| စဉ် | INGO အမည် | ရုံး/ ရုံးခွဲ တည်နေရာ | ဆောင်ရွက်သည့် လုပ်ငန်း |
|---|---|---|---|
| ၁ | ကြက်ခြေနီ | ရပ်ကွက်(၅) | လူမှုရေးလုပ်ငန်း |
| ၂ | မိခင်နှင့်ကလေး | ရပ်ကွက်(၅) | လူမှုရေးလုပ်ငန်း |
| ၃ | အမျိုးသမီးရေးရာ | ရပ်ကွက်(၅) | လူမှုရေးလုပ်ငန်း |
| | စစ်မှုထမ်းဟောင်း | ရပ်ကွက်(၅) | လူမှုရေးလုပ်ငန်း |

(ခ) **NGO** (ဦးရေ)

| စဉ် | မြို့နယ်/ မြို့ | အမျိုးသမီး ရေးရာ | မိခင်/ကလေးအ သင်း | စစ်မှုထမ်း ဟောင်း | ကြက်ခြေနီ | အရန်မီးသတ် |
|---|---|---|---|---|---|---|
| ၁ | နောင်မွန် | ၇၀၀ | ၈၀၀ | ၁၀ | ၅၀ | ၆၆ |
| ၂ | ပန်နန်းဒင် | - | - | - | - | - |

| | | | | | |
|---|---|---|---|---|---|
| မြို့နယ်ချုပ် | ၇၀၀ | ၈၀၀ | ၁၀ | ၅၀ | ၆၆ |

(ဂ) **အသင်းအဖွဲ့များ** **- ဖော်ပြရန်မရှိပါ။**

**အားကစားနှင့် ဖျော်ဖြေရေးလုပ်ငန်းများ**

၄၄။ နောင်မွန်မြို့နယ်ရှိ အားကစားနှင့် ဖျော်ဖြေရေးလုပ်ငန်းများဆိုင်ရာ အချက် အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ်/ မြို့ | အားကစားကွင်း | | | | | | ဖျော်ဖြေရေး | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ဘောလုံး | ဘော်လီဘော | ဘတ်စကက် | တင်းနစ် | ဂေါက် | အခြား | ရုပ်ရှင်ရုံ | ပန်းခြံ | အခြား |
| ၁ | နောင်မွန် | ၁ | - | - | - | - | - | - | - | - |
| ၂ | ပန်နန်းဒင် | - | - | - | - | - | - | - | - | - |
| မြို့နယ်ချုပ် | | ၁ | - | - | - | - | - | - | - | - |

**အခန်း(၈)**

**ဘာသာရေးဆိုင်ရာအချက်အလက်များ**

**ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အဦများနှင့် သာသနာဝင်ပုဂ္ဂိုလ်များ**

၄၅။ နောင်မွန်မြို့နယ်ရှိ ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အဦများနှင့် သာသနာ့ဝင်ပုဂ္ဂိုလ်များဆိုင်ရာ အချက်အလက်များအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) **သာသနိကအဆောက်အဦများ**

| စဉ် | မြို့နယ်/ မြို့ | ဘုရား | စေတီ | ပုထိုး | ဘုန်း ကြီး ကျောင်း | သီလ ရှင်ကျောင်း | ဓမ္မာရုံ |
|---|---|---|---|---|---|---|---|
| ၁ | နောင်မွန် | - | ၁ | - | ၁ | - | - |
| ၂ | ပန်နန်းဒင် | - | ၂ | - | ၂ | - | - |
| မြို့နယ် ချုပ် | | - | ၃ | - | ၃ | - | - |

(ခ) **ရဟန်းသံဃာနှင့်သီလရှင်များ**

| စဉ် | မြို့နယ်/ မြို့ | ရဟန်း | သာမဏေ | သီလရှင် |
|---|---|---|---|---|
| ၁ | နောင်မွန် | ၁ | - | - |
| ၂ | ပန်နန်းဒင် | ၁ | - | - |
| **မြို့နယ်ချုပ်** | | ၂ | - | - |

(ဂ) **ထင်ရှားသည့်ဘုရား၊စေတီနှင့်ပုထိုးများ**

**- ဖော်ပြရန်မရှိပါ။**

(ဃ) **ထင်ရှားသည့်ဘုန်းတော်ကြီးကျောင်းများ**

**- ဖော်ပြရန်မရှိပါ။**

**အခြားဘာသာရေးအဆောက်အဦများ**

၄၆။ နောင်မွန်မြို့နယ်ရှိ အခြားဘာသာရေးအဆောက်အဦများနှင့် ဆိုင်သော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | မြို့နယ်/ မြို့ | ခရစ်ယာန် | အစ္စလာမ် | ဟိန္ဒူ ဘုရားကျောင်း | တရုတ် ဘုရားကျောင်း |
|---|---|---|---|---|---|

| | | မြို့ | ကျေး လက် | မြို့ | ကျေး လက် | မြို့ | ကျေး လက် | မြို့ | ကျေး လက် |
|---|---|---|---|---|---|---|---|---|---|
| ၁ | နောင်မွန် | ၅ | ၄၉ | - | - | - | - | - | - |
| ၂ | ပန်နန်းဒင် | ၁ | ၁၂ | - | - | - | - | - | - |
| မြို့နယ်ချုပ် | | ၆ | ၆၁ | - | - | - | - | - | - |

## သမိုင်းဝင်ထင်ရှားသော အဆောက်အဦနှင့်နေရာများ

၄၇။ နောင်မွန်မြို့နယ်တွင်သမိုင်းဝင်ထင်ရှားသော အဆောက်အဦနှင့် နေရာများမှာ ဖော်ပြရန်မရှိပါ။

## အခန်း(၉)

## ဒေသဖွံ့ဖြိုးရေးဆိုင်ရာအချက်အလက်များ

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ

၄၈။ နောင်မွန်မြို့နယ်၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့် လုပ်ငန်းများ**

(၁) **မြို့- ကျေးလက်၊ ကျေးရွာချင်းဆက်လမ်းများ**

| စဉ် | လမ်းအရေအ တွက် | အရှည် (မိုင်-ဖာလုံ) | အမျိုးအစား | | | | |
|---|---|---|---|---|---|---|---|
| | | | ကတ္တ ရာ | ကျောက် ချော | မြေ သား | ဂဝံ | ကွန်က ရစ် |

| | | | အရေအတွက် | အရွယ်/ပေ | အရေအတွက် | အရွယ်/ပေ | အရေအတွက် | အရွယ်/ပေ | အရေအတွက် | အရွယ်/ပေ | အရေအတွက် | အရွယ်/ပေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၁ | ၁၅၀၀'x၁၂' | - | - | ၁ | ၁၅၀၀'x၁၂' | - | - | - | - | - | - |
| မြို့နယ်ချုပ် | ၁ | ၁၅၀၀'x၁၂' | - | - | ၁ | ၁၅၀၀'x၁၂' | - | - | - | - | - | - |

## (၂) တံတားများ

| စဉ် | တံတားအမည် | အရှည်(ပေ) | အမျိုးအစား | ဆောက်လုပ်မှုပုံစံ | |
|---|---|---|---|---|---|
| | | | | အသစ် | ပြင်ထိန်း |
| ၁ | နမ်ပန်ချောင်း | ၃၂'x၁၂'x၈' | အုတ်ခုံခံသစ်သားတံတား | အသစ် | - |

## (၃) သောက်သုံးရေရရှိရေးလုပ်ငန်း

| စဉ် | လုပ်ငန်းအမည် | အရှည်(မိုင်) | အမျိုးအစား | ဆောက်လုပ်မှုပုံစံ | |
|---|---|---|---|---|---|
| | | | | အသစ် | ပြင်/ထိန်း |
| ၁ | မြို့ပေါ်(၅)ရပ်ကွက် စိမ့်စမ်းရေသွယ်ခြင်း လုပ်ငန်း | (၈)မိုင် | PVC ပိုက် | - | ပြုပြင် |
| ၂ | ထန်ထုကျေးရွာ စိမ့်စမ်းရေသွယ်ခြင်း လုပ်ငန်း | (၂)မိုင် | PVC ပိုက် | အသစ် | - |
| ၃ | ရပ်ဘော့(၁/၂)ကျေးရွာ စိမ့်စမ်းရေသွယ်ခြင်း လုပ်ငန်း | (၅)မိုင် | PVC ပိုက် | အသစ် | - |

## (၄) လျှပ်စစ်မီးလင်းရေးလုပ်ငန်း–

ဖော်ပြရန်မရှိပါ။

## (၅) မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း

| စဉ် | ကျေးရွာအမည် | အိမ်ခြေ | အိမ်ထောင်စု | ခွင့်ပြုငွေ |
|---|---|---|---|---|

| | | | | ကျပ်(သိန်း) |
|---|---|---|---|---|
| ၁ | (၁၅)ရွာ | ၂၁၀ | ၂၁၀ | ၁၂၀ |
| မြို့နယ်ချုပ် | (၁၅)ရွာ | ၂၁၀ | ၂၁၀ | ၁၂၀ |

(၆) **ကျေးလက်အိမ်ယာဖွံ့ဖြိုးရေးလုပ်ငန်း**

- ဖော်ပြရန်မရှိပါ။

(၇) **ကျေးလက်အိမ်သာလုပ်ငန်း**

- ဖော်ပြရန်မရှိပါ။

**မြို့ပြစီမံကိန်း (Town Plan)နှစ်(၃၀)အတွက် မြေအသုံးချမှုဆိုင်ရာ လျာထားချက်**

၄၉။ မြို့ပြစီမံကိန်း (Town Plan) နှစ်(၃၀)အတွက် မြေအသုံး ချမှုဆိုင်ရာ လျာထားချက် ဖော်ပြရန်မရှိပါ။

**အခန်း(၁၀)**

**အထွေထွေ**

**အခြားတင်ပြလိုသောအချက်များ**

၅၀။ တင်ပြရန်မရှိပါ။

**နိဂုံး**

၅၁။ နောင်မွန်မြို့နယ်၏ ဒေသဆိုင်ရာအချက်အလက်များကို ဌာန ဆိုင်ရာများမှပေးပို့သော အချက်အလက်များ၊ ဒေသဆိုင်ရာ အချက် အလက်စာစောင်များ၊ မှတ်တမ်းများအပေါ်တွင် အခြေခံလျက် အကျဉ်းချုံးပြုစုထားခြင်းဖြစ်ပါသည်။ ဒေသဆိုင်ရာ အချက် အလက်

များအားမှတ်တမ်း တင်စုစည်းတင်ပြခြင်းအားဖြင့်နောင်မွန်မြို့နယ် တစ်ခုလုံး၏ အချက်အလက်နှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လေ့လာသိရှိနိုင်ပြီး မိမိတို့၏လုပ်ငန်းများကို အထောက်အကူ ပြုမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
နောင်မွန်မြို့နယ်

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ(    )ရက်